
# ၁-၂ ယာဉ်မတော်တဆမှုနှင့်ရာဇဝတ်မှုဆိုင်ရာထိခိုက်နစ်နာမှု စသည်ဖြင့် (ဖုန်းနံပါတ်“၁၁၀”)

- ယာဉ်မတော်တဆမှု၊ ရာဇဝတ်မှုဆိုင်ရာထိခိုက်နစ်နာမှုစသည်တို့နှင့်ကြုံတွေ့၍ ရဲအရာရှိကိုချက်ချင်းလာရောက်စေလိုသော အခါ၌ ဖုန်းနံပါတ်“၁၁၀”က ဖုန်းဆက်ပါ။
- ဖုန်းနံပါတ်“၁၁၀”ကိုဆက်သွယ်သောအခါ၌ အော်ပရေတာမှ များသောအားဖြင့် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းမည်ဖြစ်သည်။ ထိုအခါ စိတ်ကို တည်တည်ငြိမ်ငြိမ်ထား၍ အတတ်နိုင်ဆုံး မှန်ကန်တိကျစွာ ဖြေကြားပါ။

(၁) မည်သည့်အချိန်၊မည်သည့်နေရာ၌ မည်သည့်အကြောင်းအရာဖြစ်ပွားခဲ့သည်
(၂) သင့်၏ အမည်နှင့်ဆက်သွယ်ရန်လိပ်စာစသည်ဖြင့်
(၃) ယာဉ်မတော်တဆမှုကျူးလွန်သည့်တစ်ဖက်လူ နှင့် အပြစ်ကျူးလွန်သည့် တရားခံ၏ ကျား/မ၊ ဦးရေ၊ အသက်အရွယ်၊ အဝတ်အစား စသည်ဖြင့်
(၄) ထိခိုက်ဒဏ်ရာရသူ ရှိမရှိ

- မိမိကိုယ်တိုင်ဖုန်းမဆက်နိုင်သောအခါမျိုး၌ အနီးအနားတွင်ရှိသောသူများထံ အကူအညီတောင်းခံ ပါ။


One Point:

## အများသုံးတယ်လီဖုန်းမှ အရေးပေါ်ခေါ်ဆိုမှု

110 (ရဲ)၊ 118 (ကမ်းရိုးတန်းစောင့်) နှင့် 119 (မီးသတ်ဌာန) သို့ အရေးပေါ်ခေါ်ဆိုရန်အတွက် အများသုံးတယ်လီဖုန်းကို အသုံးပြုနိုင်သည်။အကြွေစေ့များ သို့မဟုတ် တယ်လီဖုန်းကတ်များ မလိုအပ်ပါ။

- အများသုံးတယ်လီဖုန်းများတွင် ပါရှိသည့် အရေးပေါ်ခေါ်ဆိုမှုခလုတ် (အနီရောင်ခလုတ်) ဖုန်းခွက်ကိုကိုင်ပြီး အရေးပေါ်ခေါ်ဆိုမှုခလုတ်ကို နှိပ်ပါ၊ ထို့နောက် ၁၁၀ ကိုခေါ်ပါ။
- အရေးပေါ်ခေါ်ဆိုမှုခလုတ်မပါသော အများသုံးတယ်လီဖုန်းများ ဖုန်းခွက်ကိုကိုင်ပြီးနောက် ၁၁၀ ကို တိုက်ရိုက်ခေါ်ပါ။

◆အရေးပေါ်ခေါ်ဆိုမှုခလုတ်ပါရှိသော အများသုံး တယ်လီဖုန်းများ




◆အရေးပေါ်ခေါ်ဆိုမှုခလုတ်မပါသော အများသုံး တယ်လီဖုန်းများ

